ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၇.၉၅)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါ တယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ၁၇-၁၀-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ တာချီလိတ်မြို့သို့ ကွင်းဆင်းလေ့လာရေးဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးလှဝင်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ASEAN Go-NGO Forum ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ပြည်ပခရီးစဉ်။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကော်မရှင်အစည်းအဝေး တက်ရောက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ခရိုင်မြေစစ်အစည်းအဝေး။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးငွေဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ မိခင်ဖြစ်သူ ကျန်းမာရေး။ ဗိုလ်မှူးကြီးအုန်းချို၊ တပ်မတော်သားကိုယ်စားလှယ်၊ ကျန်းမာရေးနှင့် ဗိုလ်မှူးမင်းအောင်ဖြိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်တို့ ဖြစ်ကြပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ (၂၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

လွှတ်တော်အစည်းအဝေးများကို (၁)လခွဲကျော်ကြာ ရပ်နားထားစဉ် ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ရဲ့ မဲဆန္ဒနယ်မြေအသီးသီးမှာ မဲဆန္ဒရှင် ပြည်သူများနဲ့ တွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများရဲ့ လိုအပ်ချက်နဲ့ အခက်အခဲများကို

သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ မဲဆန္ဒနယ်မြေအသီးသီးရဲ့ အကျိုး၊ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုး ဖြစ်ထွန်းစေမည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ ကဏ္ဍအသီးသီးနဲ့ သက်ဆိုင်တဲ့ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့အပြင် သက်ဆိုင်ရာ ကော်မတီများအလိုက် လေ့လာစိစစ်ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။

ဒီလိုဆောင်ရွက်မှသာ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြည်သူနဲ့ နိုင်ငံတော်ရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများမှာ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း ဆွေးနွေးဆောင်ရွက်မှာဖြစ်လို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့ ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ၎င်းတို့ရဲ့ အရအသုံး အခြေအနေအပေါ် မူတည်ပြီး ဖြည့်စွက်ခွင့်ပြုငွေများ တင်ပြတောင်းခံလာခြင်းအပေါ် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ဦးထိပ်ထား ဝိုင်းဝန်းအကြံပြုဆွေးနွေးကြဖို့ကိုလည်း မှာကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာ ချမ်းသာစွာဖြင့် မဲဆန္ဒရှင်ပြည်သူများအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လယ်ယာမြေ ပိုင်ဆိုင်ခွင့်ပုံစံ(၇) မလျှောက်ထားရသေးသော တောင်သူလယ်သမားများအနေဖြင့် ပုံစံလျှောက်ထားရာ၌ မပြေလည်မှုများ၊ နှောင့်နှေးကြန့်ကြာမှုများ မရှိစေရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် ထုတ်ပေးပြီးသား ပုံစံ(၇)တွင် လွဲမှားမှုများရှိနေပါက ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့် က လယ်ယာမြေ ပိုင်ဆိုင်ခွင့်ပုံစံ(၇) မလျှောက်ထားရသေးသော တောင်သူလယ်သမားများအနေဖြင့် ပုံစံလျှောက်ထားရာ၌ မပြေလည်မှုများ၊ နှောင့်နှေးကြန့်ကြာမှုများ မရှိစေရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် ထုတ်ပေးပြီးသား ပုံစံ(၇)တွင် လွဲမှားမှုများရှိနေပါက ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံး အရာထမ်း၊ အမှုထမ်းများ ကိုယ်စိတ်နှလုံး ချမ်းမြေ့ကြပါစေကြောင်း မေတ္တာပို့သရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အောင်လံမြို့နယ်နဲ့ ဆင်ပေါင်ဝဲမြို့နယ်ရဲ့ ကိုယ်စားပြု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးကို တောင်သူလယ်သမားများရဲ့ ကိုယ်စား မေးခွန်း(၂)ခု မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းကတော့ ရပ်/ကျေး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က စိစစ်တင်ပြလိုက်တဲ့ ပုံစံ(၁)ကို မြို့နယ်တွေက ကန့်ကွက်ရန် ရှိ/ မရှိ အုပ်စုတွေကို ပြန်မေးပါတယ်။ အုပ်စုတွေက ကန့်ကွက်ရန်မရှိစာကို ပြန်ပြီးတော့ ပုံစံ(၁) တင်ပြီးတဲ့နောက်မှာ ပုံစံ(၇)ရဖို့အတွက် ကြားကာလ ကြာမြင့်မှုမရှိအောင် ဝန်ကြီးမှအဆင့်ဆင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားပါသလဲ ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။

ဒုတိယမေးခွန်းကတော့ အောက်ခြေမြို့နယ်မှာရှိတဲ့ ရပ်/ကျေးတွေမှာ ပုံစံ(၇)နဲ့ ပတ်သက်တဲ့ မှားယွင်းမှု၊ လွဲချော်မှုတွေ ရှိ/ မရှိကို အဆင့်ဆင့် မည်ကဲ့သို့ စိစစ်ဆောင်ရွက်ပါသလဲ။ တကယ်လို့ မှားယွင်းလွဲချော်မှုတွေ ရှိနေရင် တောင်သူလယ်သမားတွေက မိမိရဲ့ နစ်နာမှုကို ထိထိရောက်ရောက် တိုင်ကြားဖို့အတွက် မည်ကဲ့သို့စီမံထားပါသလဲဆိုတဲ့ မေးခွန်းများပဲ ဖြစ်ပါတယ်။ အားလုံးကို လေးစားစွာ ဂါရဝပြု ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် အနောက်ဘက်ခြမ်းရှိ ဒလ၊ ဆိပ်ကြီးခနောင်တို၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များတွင် တောင်သူများ၊ မွေးမြူရေးသမားများ အားကိုးအားထားပြုနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေး ခေတ်မီ သုတေသနစင်တာတစ်ခု တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး က ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် အနောက်ဘက်ခြမ်းရှိ ဒလ၊ ဆိပ်ကြီးခနောင်တို၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များတွင် တောင်သူများ၊ မွေးမြူရေးသမားများ အားကိုးအားထားပြုနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေး ခေတ်မီသုတေသနစင်တာတစ်ခု တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေများဖြစ်တဲ့ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ကိုကိုးကျွန်း စတဲ့ ရန်ကုန်အနောက်ပိုင်းဒေသ မြို့နယ်များဟာ စတုရန်းမိုင်အား ဖြင့်တော့ (၉၁၃.၃၈)မိုင်ခန့် ရှိပါတယ်။ ကျေးရွာအုပ်စုပေါင်း (၁၈၆)အုပ်စု၊ ရပ်ကွက်ပေါင်း(၅၇)ရပ် ကွက် ရှိပါတယ်။ လူဦးရေအားဖြင့်တော့ (၆၇၀၂၅၅)ဦးခန့် ရှိပါတယ်။ အိမ်ထောင်စု(၁၅၈၃၈၆)စုခန့် မှီတင်းနေထိုင်ကြပါတယ်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ(၅၀၀၀၀)နီးပါးခန့်ရှိပြီးတော့ တောင်ယာ လုပ်ကိုင်သူ (၁၀၆၀၀၀)ကျော်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကောက်ယူထားတဲ့ စစ်တမ်းတွေအရဆိုရင် ကျွဲ(၈၉၂၁)ကောင်၊ နွား (၄၆၈၉၄)ကောင်၊ သိုး၊ ဆိတ်(၆၉၁၉)ကောင်၊ ဝက်(၆၄၃၄၁)ကောင်၊ ကြက်(၆၈၇၃၆၀)ကောင်နဲ့ ဘဲ(၁၂၆၃၂၆)ကောင်ခန့် မွေးမြူထားတာ ရှိပါတယ်။ ငါး၊ ပုစွန်မွေးမြူရေးဒေတာကတော့ ငါးကန် (၃၉၅၉)ကန်နဲ့ ဧကပေါင်း (၃၄၉၁၆. ၆၇) ဧကရှိပြီးတော့ ပုစွန်ကန်ကတော့ ဧကပေါင်း (၄၀၆၄.၂၇) ဧကပါ။ ကန်ပေါင်း(၃၄၉)ကန်ခန့် ရှိပါတယ်။ ကျွန်တော်တို့ သတိပြုရမှာကတော့ တွံတေးမြို့နယ်မှာ ဆိုရင် ငါးမွေးမြူရေးဧကပေါင်း (၃၀၀၀၀)ကျော်ကနေ နေ့စဉ် ငါးပိသာချိန်(၁၅၀၀၀၀)ခန့်ကို ရန်ကုန်မြို့ကြီးက စားသုံးသူများထံကို အဓိက တင်ပို့နေရပါတယ်။ အဲဒီတော့ ကျန်းမာ၊ ရောဂါကင်းတဲ့ မွေးမြူရေး ထွက်ကုန်တွေကို စားသုံးသူတွေထံရောက်ရှိ ဖြန့်ဖြူးနိုင်ဖို့ကလည်း အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါကြောင့် မွေးမြူရေးလုပ်ငန်းတွေ ခေတ်မီတိုးတက်ဖို့နဲ့ ကျန်းမာရေးနဲ့ ပြည့်စုံတဲ့ မွေးမြူရေး ထွက်ကုန်တွေဖြစ်ဖို့အတွက် ဒီဒေသမှာ မွေးမြူရေးနဲ့ ပတ်သက်ပြီးတော့ ခေတ်မီသုတေသနစခန်း တစ်ခုရှိဖို့ လိုအပ်ပါတယ်။ ငါးမွေးမြူရေးလုပ်ငန်းအတွက် တွံတေးမြို့နယ်က

ဇီးဖြူကုန်းကျေးရွာမှာ ရေအရည်အသွေးစစ်ဆေးရေးနဲ့ ငါးရောဂါရှာဖွေရေး ဓာတ်ခွဲခန်းရှိသော်လည်းပဲ လုံလောက်တဲ့ အခြေအနေ မဖြစ်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးနဲ့ ပတ်သက်လို့လည်း မိုးစပါးစိုက်ဧကစုစုပေါင်း (၃၂၀၀၀၀) ကျော်ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်အတွင်းမှာ အဲဒီဒေသမှာ ရွှေခရုတွေ ကျရောက်မှုကြောင့် စိုက်ပျိုးထားတဲ့ စပါးပင်တွေဟာ ပျက်စီးမှုတွေနဲ့ ရင်ဆိုင်ရပါတယ်။ သက်ဆိုင်ရာဌာနကို အကြောင်းကြားသော်လည်းပဲ အချိန်မီကာကွယ်နှိမ်နင်းနိုင်မှု မပြုလုပ်နိုင်ခဲ့တဲ့အတွက် လယ်သမားတွေ နစ်နာဆုံးရှုံးမှုတွေ ကြုံတွေ့ခဲ့ကြရပါတယ်။ နောက်နှစ်တွေမှာလည်း ဒီလိုထပ်ပြီးတော့ ရင်မဆိုင်နိုင်အောင် သုတေသနတွေ ပုံမှန်လုပ်၊ ကြိုတင်ကာကွယ်မှုတွေ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ပြည်သူလူထုရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူတွေ စိတ်အေးချမ်းသာစွာ မိမိတို့အလုပ်ကို လုပ်ကိုင်နိုင်ပြီးတော့ စီးပွားရေးအဆင်ပြေလာမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရောဂါဖြစ်ပွားမှ ရောဂါရဲ့ဇစ်မြစ်ကိုရှာ ကုသဖို့ဆေးကို ရှာနေရတာထက် မဖြစ်ပွားခင် ကြိုတင်ပြီးတော့ သုတေသနလုပ်ငန်းတွေ အမြဲမပြတ်လုပ်နေဖို့က အရေးကြီးပါတယ်။

ဒါကြောင့် ရန်ကုန်တောင်ပိုင်းခရိုင်၊ အနောက်ခြမ်းဒေသမှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး သမားများ စီးပွားဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ဒီဒေသအတွင်းမှာ နေထိုင်သူ တောင်သူလယ်သမားများ၊ မွေးမြူရေးသမားများ အားကိုးအားထားပြုနိုင်ရန် ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေး သုတေသနစင်တာ တစ်ခု တည်ထောင်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ငါး၊ ပုစွန်တို့ပျက်စီးရမှုအခြေအနေ မြင်ကွင်းပုံ(က)



**မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်အတွက် တစ်နှစ်ပတ်လုံး သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရန် ကျောဇီမြစ်ရေတင်စနစ်ကို တိုးချဲ့စီမံခြင်းဖြင့်ဖြစ်စေ၊ ဆင်တဲဝချောင်းဘေး တစ်လျှောက် စက်ရေတွင်းများတူးဖော်၍ ရေပေးဝေရေးစနစ်တစ်ခု အကောင်အထည်ဖော်ခြင်းဖြင့် ဖြစ်စေ၊ ပညာရှင်များ တွက်ချက်စဉ်းစား၍ အကောင်အထည်ဖော်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် က မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်အတွက် တစ်နှစ်ပတ်လုံး သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရန် ကျောဇီမြစ်ရေတင်စနစ်ကို တိုးချဲ့စီမံခြင်းဖြင့်ဖြစ်စေ၊ ဆင်တဲဝချောင်းဘေးတစ်လျှောက် စက်ရေတွင်းများ တူးဖော်၍ ရေပေးဝေရေးစနစ်တစ်ခု အကောင်အထည်ဖော်ခြင်းဖြင့်ဖြစ်စေ၊ ပညာရှင်များ တွက်ချက်စဉ်းစား၍ အကောင်အထည်ဖော်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ နှစ်စဉ် သောက်သုံးရေရှားပါးမှုကို ပြင်းထန်ဆိုးဝါးစွာ ခံစားလျက်ရှိသော မိုးနည်းရေရှားရပ်ဝန်းဒေသရှိ တောင်သာမြို့နယ်အတွင်း တစ်နှစ်ပတ်လုံး သန့်ရှင်းသော သောက်သုံးရေရရှိရန်၊ ကျောဇီမြစ်ရေတင်စနစ်ကို တိုးချဲ့စီမံခြင်းဖြင့်ဖြစ်စေ၊ ဆင်တဲဝချောင်းဘေးတစ်လျှောက် စက်ရေတွင်းများတူးဖော်၍ ရေပေးဝေရေးစနစ်တစ်ခု အကောင်အထည်ဖော်ခြင်းဖြင့်ဖြစ်စေ၊ ပညာရှင်များ တွက်ချက်စဉ်းစား၍ အကောင်အထည်ဖော်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ တောင်သာမြို့နယ်ဟာ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်း အပူပိုင်းခြောက်သွေ့ဇုန်ထဲမှာ ရှိပါတယ်။ တစ်နှစ်လျှင် ပျမ်းမျှ မိုးရေချိန် လက်မ(၂၀)ခန့်သာ ရွာသွန်းလေ့ရှိပြီး တချို့နှစ်တွေမှာ (၁၅)လက်မ၊ (၁၆)လက်မသာ ရွာပါတယ်။ အဲဒီလို နှစ်များမှာဆိုလို့ရှိရင် အချို့သောရွာများမှ ရွာသူ၊ ရွာသားတွေဟာ သောက်သုံးရေအတွက် (၂)မိုင်၊ (၃)မိုင်ဝေးတဲ့ ရေရရှိနိုင်တဲ့နေရာကို သွားရောက်သယ်ယူကြရပါတယ်။ အခြားမြို့များမှ ပရဟိတရေအလှူရှင်များနှင့် ရေသယ်ကားများကို စောင့်မျှော်ပြီး သောက်သုံးရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါကတော့ ပရဟိတ ရေအလှူရှင်တွေဆီကနေပြီးတော့ ရေအလှူခံနေတာဖြစ်ပါတယ်။ ဒါ တောင်သာမြို့နယ်မှာ

အဲဒီလိုဖြစ်နေတာပါ။ မြန်မာနိုင်ငံဟာ မြစ်၊ ချောင်း၊ အင်းအိုင်တွေ အလွန်ပေါ်များပြီး သဘာဝရေအရင်းအမြစ်ကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိုင်ငံရဲ့ ရေအရင်းအမြစ် အားလုံးကိုလည်း မိမိနိုင်ငံက အပြည့်အဝထိန်းချုပ်သုံးစွဲခွင့်ရတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ လူတစ်ဦးချင်း ရေအရင်းအမြစ်ရရှိနိုင်မှုကလည်း အိမ်နီးချင်းနိုင်ငံများနဲ့ စာလို့ရှိရင် အဆများစွာ သာလွန်ပါတယ်။ တရုတ်နိုင်ငံထက် (၉)ဆလောက်ရှိပြီး အိန္ဒိယနိုင်ငံထက် (၁၆)ဆလောက် ကျွန်တော်တို့ တစ်ဦးချင်း ရေရရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ အိမ်ထောင်စုအားလုံးရဲ့(၄.၁)ရာခိုင်နှုန်း၊ လူဦးရေနဲ့ဆိုရင် (၇)ရာခိုင်နှုန်းလောက်သာ အိမ်အရောက် ပိုက်သွယ်တန်းပေးပို့တဲ့ သန့်ရှင်းတဲ့ရေကို ရနိုင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်သာမြို့နယ်ဟာ ဧရာဝတီမြစ်ကြီးရဲ့ ကမ်းနဖူးမှာ တည်ရှိတဲ့အပြင် ချောင်းပေါင်း (၉၉)ချောင်း ပေါင်းဆုံရာမှ ဖြစ်ပေါ်လာတဲ့ ဆင်တဲဝချောင်းကြီးဟာလည်း တောင်သာမြို့နယ်ကို တောင်၊ မြောက် ကန့်လန့်ဖြတ် စီးဆင်းလျက်ရှိပါတယ်။

ဒါပေမဲ့ ဒီလိုအခြေအနေရှိပေမယ့်လည်း တောင်သာမြို့နယ် ပြည်သူတွေဟာ သောက်သုံးရေရှားပါးမှုဒဏ် ခံစားနေရတာဟာ အင်မတန်ဝမ်းနည်းစရာ ကောင်းလှပါတယ်။ တောင်သာမြို့နယ်၊ ကျောဇီကျေးရွာမှာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအရင်းအမြစ်ရဲ့ မြစ်ရေတင်လုပ်ငန်း ရှိပါတယ်။ ဒီလုပ်ငန်းဟာ ကျပ်(၃၁၁၀.၇၈)သန်း အကုန်အကျခံ တည်ဆောက်ထားတာဖြစ်ပြီး မူလက စိုက်ပျိုးဧက(၈၀၀၀)ကျော် ရေပေးဝေရန် စီမံကိန်းဖြစ်ပေမယ့်လည်း ယခုလက်ရှိမှာ စိုက်ပျိုးဧက(၁၆၀၀)ကျော်နှင့် ကျေးရွာ(၈)ရွာလောက်ကိုသာ သောက်သုံးရေ ပေးဝေးနိုင်တာ တွေ့ရပါတယ်။ ဒီစီမံကိန်းကို မူလလျာထားတဲ့အတိုင်း ဧက(၈၀၀၀)အထိ တိုးချဲ့လုပ်ကိုင်နိုင်လို့ရှိရင် တောင်သာမြို့နယ်ရဲ့ စိုက်ပျိုးရေနဲ့ သောက်သုံးရေ ရှားပါးမှုအခက်အခဲကို များစွာဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း စိုက်ပျိုးရေနဲ့ သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းများ၊ မြေသားကန်များ တူးဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ စာရင်းအရ ဘဏ္ဍာငွေကျပ်(၄၆၃.၃)သန်းကျော် အကုန်အကျခံပြီး ရေတွင်းပေါင်း(၃၄)ခု တူးဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလိုတူးဖော်ခဲ့ရာမှာ စက်ရေတွင်း(၁၈)တွင်းအနက် (၉)တွင်းလောက်ကပဲ အသုံးပြုနိုင်ပြီးတော့ ကျန်တဲ့ (၉)တွင်းလောက်ဟာဆိုလို့ရှိရင် လုံလောက်တဲ့ရေပမာဏ မထွက်ရှိခြင်း၊ ရေထွက်သော်လည်း သောက်သုံးလို့ မရနိုင်လောက်အောင် ငန်ခြင်း၊ ခါးခြင်း ရေအရည်အသွေး မမီခြင်းတို့ကြောင့် အဲဒီရွာက လူများပင် မဆိုထားနှင့် ရွာမှာရှိတဲ့ နွားများပင် ဒီရေကိုမသောက်ဘူးလို့ ကျွန်တော်ကွင်းဆင်းမေးမြန်းတဲ့အခါမှာ သိရှိရပါတယ်။ ဥပမာအားဖြင့် စံဦးကျေးရွာမှာရှိတဲ့ စက်ရေတွင်းဟာ ဘဏ္ဍာငွေ(၂၈)သန်း အကုန်အကျခံ တူးဖော်ထားတာဖြစ်ပေမယ့် ဘယ်သူမှ သောက်သုံးခြင်းမရှိလို့ နိုင်ငံ့ဘဏ္ဍာငွေများ အလဟဿ လေလွင့်ဆုံးရှုံးတယ်လို့သာ ပြောနိုင်ပါတယ်။ ဒါဟာ မြေအောက်ရေရှာဖွေသုံးစွဲတဲ့နည်းပညာ မလုံလောက်တာ၊ စက်မှုပိုင်းဆိုင်ရာ အားနည်းတာ၊ စီမံခန့်ခွဲမှု ချို့ယွင်းတာတွေကြောင့် ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဟာ အသက်ဖြစ်ပါတယ်။ ရေမရှိရင် အသက်မရှိနိုင်ပါဘူး။ သန့်ရှင်းဘေးကင်းတဲ့ရေ ဖူလုံစွာရရှိရေးဟာ အသက်တမျှ အရေးကြီးပါတယ်။

ပြည်သူလူထု သန့်ရှင်းဘေးကင်းသောရေ ဖူလုံစွာရရှိရန်နဲ့ နိုင်ငံတော်ဘဏ္ဍာငွေများ အကျိုးရှိထိရောက်စေရန်အတွက် တစ်မြို့နယ်လုံးကို လွှမ်းခြုံနိုင်တဲ့စီမံကိန်းတစ်ခု ဆောင်ရွက်ဖို့ ရည်ရွယ်ပြီးတော့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

တောင်သာမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသော ကျေးရွာများသို့ လူမှုရေးအသင်းအဖွဲ့များက သောက်သုံးရေများ လာရောက်လှူဒါန်းသည့် မြင်ကွင်းပုံ (ခ)



တောင်သာမြို့နယ် ရွှေဘုန်းပွင့်ကျေးရွာတွင် ရေတွင်းရေကန်မရှိသဖြင့် သောက်သုံးရေရှိရန် နေ့စဉ်နှစ်မိုင်ခွဲခန့် ရေသွားခပ်နေရသည့် မြင်ကွင်းပုံ (ခ-၁)



ကျေးရွာနဲ့(၂)မိုင်ခန့် ဝေးသော ဆင်တဲဝချောင်း မြင်ကွင်းပုံ(ခ-၂)



**မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ငါးသားဖောက်စခန်းတစ်ခု ထပ်မံဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း က မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ငါးသားဖောက်စခန်းတစ်ခု ထပ်မံဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) ကျွန်တော် ဦးလှဆန်း မှ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပွင့်ဖြူမြို့နယ် တို့မှာ ငါးသားဖောက်မွေးမြူရေးစခန်း(၂)ခုသာလျှင် ရှိသဖြင့် မကွေးတိုင်းဒေသကြီးအတွက် မြို့သစ် မြို့နယ်တွင် ငါးသားဖောက်စခန်း(၁)ခု ထပ်မံဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရတနာပွင့်လှ ကန်တော်ကြီး အတွင်း နတ်မှီတောရအနီး မောင်းတိုင်(၂)ရပ်ကွက်တွင် ငါးသားဖောက်စခန်းကို ၂၀၀၁ ခုနှစ်၊ မေလ ၁၆ ရက်က စတင်ထူထောင်နိုင်ခဲ့ပြီးတော့ နှစ်စဉ် ငါးသားပေါက်များ ထုတ်လုပ်နိုင်ခဲ့ကာ ၂၀၁၆-၂၀၁၇ ခုနှစ်မှာတော့ ငါးသားပေါက်ကောင်ရေ (၅၀)သိန်းခန့် မွေးမြူထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ မကွေးတိုင်းဒေသကြီးတွင် ပွင့်ဖြူမြို့နယ်၊ ဥယျာဉ်ကျစ်ကျေးရွာအုပ်စု၊ တောကျင်းတွင် မြိုင်ညိုကွင်း ၇၀၄/၇၀၅ အတွင်း ငါးသားဖောက်စခန်းကို ၂၀၀၄ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ကာ

နှစ်စဉ် ငါးသားပေါက်များ ထုတ်လုပ်နိုင်ခဲ့ပြီးတော့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာတော့ ငါးသားပေါက်ကောင်ရေ သိန်း(၅၀)ကျော် မွေးမြူထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

ယခု မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်မှာ မကွေးတိုင်းဒေသကြီးအတွက် ဘာကြောင့်တောင်းခံရသလဲဆိုရင် တောင်းခံသည့်နေရာ၏ ပတ်လည်အနေအထားတွင် မြို့သစ်မြို့နယ်တွင် စွန်ချောင်း၊ ပုလင်း၊ ဆဒ္ဒန်၊ ဘုတ်ချောင်းရေလှောင်တမံများ ရှိပြီးတော့ နတ်မောက်မြို့နယ်မှာ နတ်မောက်၊ ပင်းကန်၊ ကျောက်တံခါး ဆည်တာတမံများသည် ငါးသားပေါက်စခန်း ဖွင့်လှစ်မည့်နေရာ၏အထက်နား၌ တည်ရှိနေသည့်အတွက် ငါးသားဖောက်စခန်း ဖွင့်လှစ်ရန်အတွက် ရေအလုံအလောက်ရရှိနိုင်သောနေရာဖြစ်ပါသဖြင့် ရေအတွက် အခက်အခဲ မရှိနိုင်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ကျွန်တော်နှင့် ဦးခင်ဝင်း တို့အနေဖြင့် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနများ၊ ငါးလုပ်ငန်းဦးစီး၏ ဆောင်ရွက်မှုဖြင့် INGO, NGO အဖွဲ့များနှင့် ပူးပေါင်းကာ မြို့သစ်မြို့နယ်အတွင်းမှာရှိတဲ့ စွန်ချောင်း၊ ဆဒ္ဒန် ရေလှောင်တမံတို့အတွင်းမှာ ငါးသားပေါက်(၃)သိန်းစီ ငါးသားပေါက်များ စိုက်ထည့်မွေးမြူပေးနိုင်ခဲ့ပြီးတော့ ကျွန်တော် မကွေးမြို့နယ်မှာ ဆည်တမံ တစ်ခုမျှ မရှိပါသဖြင့် ကျေးရွာပိုင်ကန်များသို့ ငါးသားပေါက်များ အရောက်ပို့ပြီးတော့ စိုက်ထည့်မွေးမြူစေခဲ့ပါတယ်။ ၎င်းအကျိုးဆက်ကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးချိန် စားဝတ်နေရေးအတွက် တစ်နည်းတစ်ဖုံ တစ်စိတ်တစ်ပိုင်း စားနပ်ရိက္ခာ ဖူလုံမှုအထောက်အပံ့ ရရှိစေခဲ့ပါတယ်။ ထင်ရှားသည့်သာဓကအဖြစ် ယခုနှစ် မိုးရေရရှိပြီဆိုကတည်းက ကျေးရွာများက ငါးသားပေါက်များ ပေးရန်တောင်းဆိုလာခြင်းက သက်သေပြနေပါတယ်။ ကျွန်တော်တို့က ငါးသားပေါက်များ ပေးချင် ပေးမယ့်မွေးမြူရေးဌာန ငါးလုပ်ငန်းဦးစီးဌာနက လုံလုံလောက်လောက်မပေးနိုင်မှာ စိုးရိမ်၍ လုံလောက်မှုရှိစေရန် ထပ်မံဖွင့်လှစ်ပေးနိုင်ရန် တောင်းဆိုရခြင်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒုတိယအချက်အနေဖြင့် မကွေးတိုင်းဒေသကြီးသည် အပူပိုင်းဇုန်တွင် တည်ရှိသဖြင့် စီးပွားဖြစ် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ခက်ခဲပါသဖြင့် ကျေးရွာပိုင်ကန်များအတွင်းနှင့် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆည်၊ ရေလှောင်တမံ(၃၅)ခုအတွင်းတွင်လည်း ငါးသားပေါက်များ စိုက်ထည့်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ငါးမျိုးများ စိုက်ထည့်ပေးခြင်းဖြင့် ဒေသအတွင်း ဖွံ့ဖြိုးမှုအထောက်အပံ့ဖြစ်စေကြောင်းလည်း သိရှိခဲ့ရပါတယ်ခင်ဗျား။

တတိယအကြောင်းအချင်းအရာအနေဖြင့် ရေချိုမြစ်များအတွင်းမှာ ငါးသယံဇာတ ပြုန်းတီးနေမှုအတွက် ငါးသားပေါက်များ ထပ်မံမွေးမြူစိုက်ထည့်ရန် လိုအပ်နေပါတယ်။ ကျွန်တော်တို့ ဧရာဝတီမြစ်ရိုးတစ်လျှောက် ငါးသားဖောက်စခန်းရှိသည့်ဒေသများမှ ငါးလုပ်ငန်းဦးစီးဌာနများအနေဖြင့် ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိကြောင်းလည်း သိရပါတယ်။ ငါးမဖမ်းရ ရာသီအချိန်တွင် ငါးဖမ်းခြင်း၊ ဆေးများချ၍ ငါးဖမ်းခြင်း၊ ဝါယာရှော့တိုက်၍ ဖမ်းဆီးခြင်း၊ ငါးမျိုးပွားမှုမကျန်အောင် ပိုက်စိပ်တိုက်၍ ဖမ်းဆီးခြင်းများကြောင့် သဘာဝငါးသယံဇာတများ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ စီးပွားဖြစ်

လောဘကြောင့် ဖမ်းဆီးခြင်း မဟုတ်ပေမယ့်လို့ ဝမ်းစာအတွက် ကျွန်တော်တို့ ကျေးလက်နေပြည်သူများ ငါးများကို ဖမ်းဆီးခြင်းဟာ အသိပညာနည်း၍လည်း ဖြစ်ပါတယ်။ တစ်ဖက်က ဥပဒေဖြင့် တားဆီးပေးသလို တစ်ဖက်ကလည်း မြစ်များတွင် ငါးမျိုးများ ပြန်လည်စိုက်ထည့်ပေးရန် လိုအပ်လျက်လည်း ရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး အပါအဝင် ငါးမွေးမြူ၍ရသည့် ရေနှင့် မြေ အဆင်ပြေသည့်နေရာမျိုးများမှာလည်း ငါးသားဖောက်စခန်းများ တည်ဆောက် ဖွင့်လှစ်ပေးပါရန် လိုအပ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သော်လည်း ယနေ့ နည်းပညာ၊ အသိပညာ၊ မျိုး၊ သုတေသန အားနည်းချက်များကြောင့်လည်းကောင်း၊ သီးနှံဈေးကွက်အခြေအနေအရလည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများ အဆင်မပြေကြသဖြင့် စိုက်ပျိုးရေးကို မွေးမြူရေးနှင့် တွဲဖက်လုပ်ကိုင်ကြမှသာ အဆင်ပြေ ချောမွေ့နိုင်မည်ဖြစ်ပါသဖြင့် စိုက်ပျိုးရေးကို မွေးမြူရေးနှင့် တွဲဖက်လုပ်ကိုင်ရန် ငါးသားဖောက်စခန်းများ လိုအပ်ပါ၍ မကွေးတိုင်းဒေသကြီးအတွက် မြို့သစ်မြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငါးသားဖောက်စခန်းတစ်ခု ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ ဦးဆောင်အဖွဲ့နှင့် လုပ်ငန်းအဖွဲ့များသည် ဥပဒေပါ ရည်ရွယ်ချက်နှင့်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦးက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ ဦးဆောင်အဖွဲ့နှင့် လုပ်ငန်းအဖွဲ့များသည် ဥပဒေပါ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြု ပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ ပြင်ဆင်ချက်ဥပဒေ ပြဋ္ဌာန်း

ပြီးတော့ ဒီဥပဒေမှာ အခန်း(၈)ခန်း၊ ပုဒ်မ (၂၄)ခုနဲ့ ကျွန်တော်တို့ ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ ဥပဒေပါ အခန်း(၂) ရည်ရွယ်ချက်အရ၊ ပုဒ်မ ၃ အရ အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သောချေးငွေနှင့် အကူအညီများပေးရေး အထောက်အကူပြုရန်၊ ထုတ်လုပ်မှုတိုးတက်ရေး အတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ကုန်ထုတ်မှုလုပ်ငန်းများဆိုင်ရာ တို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးနိုင်ရေး ဆောင်ရွက်စီမံပေးရန်၊ လယ်ယာထုတ်ကုန်များ ရောင်းချရာ တွင် သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီ ဆောင်ရွက်ရန်၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးတို့ကို ထိရောက်စွာဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီး ဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူ ပံ့ပိုးပေးရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။

ကျွန်တော်တို့ ဒီရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဖို့အတွက် ပုဒ်မ ၄ မှာ ကျွန်တော်တို့ ဦးဆောင်ကော်မတီကို ဖွဲ့စည်းပြီးတဲ့အခါကျတော့မှ ဒီ ဦးဆောင်ကော်မတီက ပုဒ်မ ၅ မှာ ပြဋ္ဌာန်းထားတဲ့ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ ပုဒ်မ ၇ အရ ဒီဦးဆောင်ကော်မတီရဲ့ လုပ်ငန်းတာဝန်များကို တိုင်းဒေသကြီး၊ ပြည်နယ် ပြည်ထောင်စုအဆင့်မှာရှိတဲ့ လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီတွေကို ကျွန်တော်တို့ လိုအပ်သလို ဖွဲ့စည်းပြီးတော့ တာဝန်ပေးနိုင်တယ်လို့ ပါရှိပါတယ်။ ကျွန်တော်တို့ ဒီတောင်သူတွေရဲ့ အကျိုးကိုယ်စား ဒေသအတွင်းမှာ အဓိကဖြစ်နေတဲ့ပြဿနာကတော့ ကျွန်တော်တို့ သီးနှံဈေးကွက် ပေါ်မှာ တောင်သူတွေရဲ့ စိုးရိမ်စိတ်တွေ ရှိနေပါတယ်။ ဒီအတွက်ကို ကျွန်တော်တို့က ဒီဦးဆောင် ကော်မတီကနေပြီးတော့မှ တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးအတွက် မည်ကဲ့သို့ လုပ်ဆောင်နေကြောင်းနဲ့ နောင်မှာ ကျွန်တော်တို့ ဘယ်လိုအစီအစဉ်တွေရှိကြောင်းကို သိရှိလိုတဲ့ အတွက် တောင်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး (၅)ဦးရဲ့ ယနေ့ မေးမြန်းတဲ့ မေးခွန်းများအနက် ဦးစွာ မကွေးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ရဲ့ မေးခွန်း

အပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားပေးပါမယ်။

ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအတွင်းမှာ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က စတင် ဆောင်ရွက်ခဲ့ပါတယ်။ မြို့နယ်(၂၅)မြို့နယ်၊ တောင်သူပေါင်း (၉၈၀၉၀၀)ကျော်၊ ဦးပိုင်ပေါင်း (၁၇၅၆၆၇၉)ခု၊ မြေဧရိယာအားဖြင့် (၂၉၈၂၉၈၉)ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးဖို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ အထိ တစ်တိုင်းလုံးရဲ့ လျာထားချက်အပေါ်မှာ ပုံစံ(၇) ထုတ်ပေးနိုင်မှုနဲ့ ပတ်သက်ပြီးတော့ (၉၇.၆၇) ရာခိုင်နှုန်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်း ပုံစံ(၇) ထုတ်ပေးဖို့ကျန်တဲ့ အခြေအနေကတော့ တောင်သူပေါင်း(၃၂၄၁၉)ဦး ရှိပါတယ်။ ဦးပိုင်ပေါင်း(၄၁၂၇၄)ခု၊ မြေဧရိယာအားဖြင့် (၇၀၄၃၂)ဧကအတွက် ထုတ်ပေးဖို့ ကျန်ရှိနေဆဲ ဖြစ်ပါတယ်။ ယင်းလုပ်ငန်းတွေအတွက် ရာနှုန်းပြည့်ပြီးစီးရေးအတွက်ကိုလည်း လအလိုက် အစီအမံများနဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ပုံစံ(၇) ထုတ်ပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ နှောင့်နှေးကြန့်ကြာမှု မရှိစေဖို့အတွက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူး ရုံးတွေကို ကျွန်တော်တို့ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်နဲ့ ညွှန်ကြားချက်များကိုလည်းပဲ ထုတ်ပြန်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) လျှောက်ထားတဲ့အခါမှာ လွယ်ကူစေဖို့အတွက် ပွင့်လင်းမြင်သာမှုရှိစေဖို့ အခက်အခဲတစ်စုံတစ်ရာရှိရင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တိုက်ရိုက်တင်ပြ ဆောင်ရွက်သွားနိုင်ဖို့အတွက်ကိုလည်း မိမိတို့ နေ့စဉ်ထုတ်သတင်းစာတွေ၊ ရေဒီယို၊ ရုပ်မြင်သံကြားတွေကနေတစ်ဆင့် (၆)လ တစ်ကြိမ်၊ တစ်ကြိမ်မှာ (၄)ရက်ကြာကြေညာပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများရဲ့ ဌာနတိုင်းမှာလည်းပဲ အများမြင်သာအောင် (၃x၄)ပေအရွယ် ပိုစတာကြော်ငြာ ချိတ်ဆွဲပြီးတော့ ဒါအားလုံးအသိပေး ဆောင်ရွက်ထားပါတယ်။

ဒီလို ကြေညာရာမှာလည်း လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ရရှိဖို့အတွက် နှောင့်နှေးကြန့်ကြာမှုမရှိစေဖို့ ဥပဒေနဲ့အညီ ကြာမြင့်မယ့် အချိန်ကာလ အပိုင်းအခြားတွေကိုလည်းပဲ တိကျစွာ သတ်မှတ်ပြဋ္ဌာန်းပေးပါတယ်။ ပုံစံ(၇)လျှောက်ထားမှုအား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးထံကနေပြီးတော့ ပုံစံ(၁)ကို အခမဲ့ထုတ်ယူပြီး သတ်မှတ်ချက်အတိုင်း ဖြည့်စွက်၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများကို တင်ပြလျှောက်ထားရမှာဖြစ်ပါတယ်။ ကန့်ကွက်သူမရှိပါက စုစုပေါင်း (၁၁၁)ရက် ကြာမြင့်မှာဖြစ်ပါတယ်။ ကန့်ကွက်မှုရှိရင်တော့ စုစုပေါင်း ရက်(၁၅၅)ရက်ကြာမှာဖြစ်ပါတယ်။ မြို့နယ်ဦးစီးမှူးရုံးက ကန့်ကွက်လိုသူရှိရင် ကန့်ကွက်နိုင်ကြောင်း ထုတ်ဆင့်ကြော်ငြာပုံစံနဲ့ကြေညာပါတယ်။ ကန့်ကွက်သူ မရှိလို့ရှိရင်တော့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြပြီးတော့ ယင်းကနေ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို အဆင့်ဆင့် တင်ပြရယူပြီး လျှောက်ထားမှုကို ခွင့်ပြု

ကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ကျွန်တော်တို့ ဆုံးဖြတ်ပါတယ်။ ယင်းသို့ အဆင့်ဆင့်စိစစ်တင်ပြပြီးတော့ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဆုံးဖြတ်တဲ့အထိဆိုရင် ခုနတင်ပြသလို ကန့်ကွက်သူရှိလို့ ပြန်လည်စစ်ဆေးခြင်းအပါအဝင် ရက်ပေါင်း (၁၅၅)ရက် ဖြစ်ပါတယ်။ ပုံစံ(၇)ထုတ်ပေးတဲ့နေရာမှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းသတ်မှတ်ချက်တွေအရ မြေယာမှုခင်းဖြစ်နေတဲ့ မြေဧရိယာများအနေနှင့် မြေယာမှုခင်း ပြီးပြတ်မှသာလျှင် ပုံစံ(၇)ထုတ်ပေးနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။

ထုတ်ပေးပြီးတဲ့ ပုံစံ(၇)တွေ လွဲမှားမှု ရှိနေလို့ရှိရင် ပြင်ဆင်ပေးဖို့ကိုလည်းပဲ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေကို တင်ပြပါမယ်။ ပုံစံ(၇) လွဲမှားမှုဆိုင်ရာ ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ပုံစံ(၇)များ စတင်ထုတ်ပေးစဉ်က တစ်နိုင်ငံလုံး အတိုင်းအတာအရ ထုတ်ပေးရမည့် လုပ်ငန်းပမာဏ များပြားပါတယ်။ ဒါကြောင့် ဒေသအလိုက် လိုအပ်တဲ့ လုပ်အားပေးတွေ၊ နေ့စားဝန်ထမ်းတွေ ခေါ်ယူဆောင်ရွက်ရပါတယ်။ လုပ်ငန်းကျွမ်းကျင်မှု အခြေအနေအပေါ် မူတည်ပြီးတော့ အမည်တွေ လွဲမှားတာ၊ ရှေ့နောက်လွဲတာ ဧရိယာကိန်းဂဏန်းများ လွဲမှားမှုတွေ ရှိသကဲ့သို့ မြေစာရင်း ပုံစံ(၁၀၅) ရေးဆွဲမှုအတွက်ကိုလည်း မြေပြင်ကွင်းဆင်းတဲ့အခါမှာ စိစစ်ဖို့ အချိန်လုံလောက်စွာ ရရှိခဲ့ခြင်း မရှိတဲ့အတွက် မြေပြင်နှင့် မြေပုံ ကွဲလွဲမှုတွေလည်း ဖြစ်ပေါ်ခဲ့ရကြောင်း တင်ပြလိုပါတယ်။

တောင်သူလယ်သမားများအနေနဲ့ လယ်ယာမြေကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေကို တင်ပြခြင်းမရှိဘဲ ရောင်း၊ ဝယ် လွှဲပြောင်းထားတာတွေ၊ ငှားရမ်းထားတာတွေ လုပ်ကိုင်သူ၊ ပိုင်ဆိုင်သူရဲ့ အမည်စာရင်း ရေးသွင်းရာမှာလည်းပဲ နိုင်ငံသားစိစစ်ရေးကတ်မှာ ပါတဲ့အမည်ကို ရေးသွင်းခြင်းမပြုဘဲနဲ့ အရပ်အခေါ် ငယ်နာမည်ကို ရေးသွင်းခဲ့တဲ့အတွက်ကြောင့် လွဲမှားမှုများလည်းရှိကြောင်း စိစစ်သိရှိရပါတယ်။

ဒါကြောင့်မို့လို့ ဒီလိုလွဲမှားမှုနဲ့ စပ်လျဉ်းပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ ထုတ်ပေးပြီး ပုံစံ(၇)တွေရဲ့ ဦးပိုင်ဧရိယာလွဲမှားမှုနဲ့ မြေကွက်ထပ်နေတဲ့ စာရင်းတွေကို ပြန်လည်စိစစ် ဆောင်ရွက်ဖို့ စီမံခဲ့တဲ့အလျောက် ယခုအခါမှာလည်းပဲ ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို ပြန်လည်ဖြေကြားလိုပါတယ်။

ကျွန်တော်တို့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်တွေအရ အမွေခွဲဝေဆက်ခံခြင်း၊ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းတို့ကြောင့် မြေယာပုံပြင်ပြောင်းလဲခြင်းကိစ္စရပ်တွေများမှာ လက်မှတ်ပုံစံ(၇) ပြောင်းလဲပြင်ဆင်ထုတ်ပေးနိုင်ဖို့အတွက် အမွေဆက်ခံခြင်းကိစ္စရပ်နဲ့ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းကိစ္စရပ်တွေမှာ ဧရိယာပြင်ဆင်ပြောင်းလဲသတ်မှတ်ရန် လျှောက်ထားမှုများနဲ့ စပ်လျဉ်းပြီး ယခုအချိန်အခါမှာ အားလုံး ပြင်ဆင်ထုတ်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ အခုလို ပုံစံ(၇)ထုတ်ပေးရာမှာ နှောင့်နှေးကြန့်ကြာမှုမရှိစေဖို့ ထုတ်ပေးပြီး ပုံစံ(၇)တွေ လွဲမှားနေခြင်းကို ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းတွေမှာ အခက်အခဲမရှိစေဖို့အတွက် လုပ်ကိုင်ဆောင်ရွက်နေမှုမှာ နှောင့်နှေးကြန့်ကြာမှုများ တစ်စုံတစ်ရာ ပေါ်ပေါက်လာမယ်ဆိုရင်လည်းပဲ မိမိတို့ရဲ့ သက်ဆိုင်ရာ

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများနှင့် ထိတွေ့ဆက်စပ်ပြီး ဖြေရှင်းဆောင်ရွက်ပေးသွားနိုင်မယ့် အခွင့်အလမ်းရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားပေးပါမယ်။

နိုင်ငံတော်ရဲ့ အခြေခံကျတဲ့ လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပေါ်မှာ ရည်မျှော်ပြီးတော့ အခုမေးခွန်းအပေါ် မေးမြန်းခဲ့တဲ့ ကိုယ်စားလှယ်ကြီးကိုလည်းပဲ အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ အသားကဏ္ဍ တိုးတက် မြင့်မားစေဖို့၊ မြန်မာနိုင်ငံရဲ့တိရစ္ဆာန်များ ကျန်းမာရေးနဲ့ မွေးမြူထုတ်လုပ်ရေးကဏ္ဍ တိုးတက်စေဖို့ အတွက် အတတ်ပညာတွေ၊ အာဟာရဗေဒဆိုင်ရာ သုတေသနလုပ်ငန်းတွေ၊ တိုးတက်ပြောင်းလဲနေတဲ့ ဓာတ်ခွဲခန်းဆိုင်ရာ နည်းပညာရပ်တွေ၊ အစွမ်းပိုမိုထက်မြက်တဲ့ တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ သုတေသနထုတ်လုပ်ခြင်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

တိရစ္ဆာန်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ ကျန်းမာသန့်ရှင်းပြီး အာဟာရပြည့်ဝတဲ့ မွေးမြူရေးထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်ပြီးတော့လည်းပဲ မွေးမြူရေးဆိုင်ရာ စီးပွားဖြစ် စနစ်တကျလုပ်ကိုင်လိုသူအတွက် တိုင်းရင်းကြက်၊ နို့စားနွား၊ ဝက်၊ ဘဲ၊ ဆိတ်၊ ပျားမွေးမြူရေးဆိုင်ရာ နည်းပညာများ ရယူနိုင်ဖို့လည်းပဲ အားလုံးကို လိုအပ်တဲ့ပံ့ပိုးမှုနဲ့ နည်းပညာများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ တင်ပြရလို့ရှိရင် စီးပွားဖြစ် တိုင်းရင်းကြက်မွေးမြူရေးနှင့် စပ်လျဉ်းပြီး တော့ မိမိတို့ဒေသ လျော်ညီမှုရှိတဲ့ ညောင်ဦး တိုင်းရင်းကြက် မျိုးထိန်း မျိုးပွားခြံ၊ နို့စားနွား မွေးမြူရေးကို နေပြည်တော်သရုပ်ပြ နို့စားနွားမွေးမြူရေးခြံ၊ ဝက်မွေးမြူရေးကို ရေတာရှည်စံပြ ဝက်မွေးမြူရေးခြံ၊ ဘဲမွေးမြူရေးကို ရွာသာကြီး ဘဲမွေးမြူရေးခြံ၊ ဆိတ်မွေးမြူရေးကို ကျွန်းလှ၊ သဖန်းဆိပ်မွေးမြူရေးခြံ၊ ပျားမွေးမြူရေးကို နေပြည်တော်မှာ မွေးမြူထုတ်လုပ်မှုဆိုင်ရာ နည်းပညာ သင်တန်းစင်တာများ ဖွင့်လှစ်သင်ကြားပေးပြီးတော့ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

ငါးကဏ္ဍအနေနဲ့လည်းပဲ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ တစ်နိုင်တစ်ပိုင် ငါးသားဖောက်ရုံတွေကို တည်ဆောက်ပေးထားပြီးတော့ ရာခိုင်နှုန်းအလိုက် ငါးသားဖောက်နှုန်းတွေကို တောင်သူတွေကို အခမဲ့ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ အခြေခံငါးမွေးမြူရေးနဲ့ ငါးဆေးထိုးသားဖောက်သင်တန်းတွေကို ဖွင့်လှစ်ကာ မွေးမြူရေးနည်းစနစ်ပညာများ သင်ကြားပို့ချပေးလျက် ရှိသလိုလည်းပဲ စပါးခင်းများအတွင်း ငါးမွေးမြူရေးတွေကိုလည်း နှစ်စဉ် မြို့နယ်အလိုက် ဇကများတိုးချဲ့ ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ စိုက်ပျိုးသူ တောင်သူတွေအတွက် တိုးချဲ့ပညာပေးရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ရန်ကုန်

တိုင်းဒေသကြီးအတွင်း လှည်းကူးမြို့နယ်၊ ရဲမွန် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသနနဲ့ ဖွံ့ဖြိုးရေးဌာန (VFRDC -Vegetable & Fruit Research and Development Centre) မှော်ဘီမြို့အား မြန်မာ့ဆန်စပါးသုတေသနဗဟိုဌာနနဲ့ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမှာ အပင်ဇီဝနည်းပညာ ဗဟိုဌာန (Plant Biotechnology Centre)တို့ကို တည်ထောင်ပြီးတော့မှ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကိုလည်းပဲ တစ်ဖက်တစ်လမ်းမှ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ သုတေသနစင်တာတစ်ခု တည်ဆောက်ရေးကိစ္စဟာ လက်ရှိအနေအထားမှာ စိုက်ပျိုးသူ တောင်သူလယ်သမားတွေ၊ မွေးမြူရေး လုပ်ငန်းဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေအတွက် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို အထက်ပါ တင်ပြခဲ့တဲ့အတိုင်း စီမံဆောင်ရွက်ပေးလျက်ရှိနေမှုနဲ့ စင်တာတစ်ခု တည်ဆောက်ဖို့ဆိုတာ တစ်ဖက်မှာ ခနအင်အား၊ ပစ္စည်းအင်အားနဲ့ လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ဖြည့်ဆည်းနိုင်ဖို့ ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းတဲ့အခါမှာလည်းပဲ အဆင့်အလိုက် သုံးသပ်ဆောင်ရွက်သွားရမယ့် အနေအထားများ ရှိနေတယ်ဆိုတာကိုလည်း သုံးသပ်တင်ပြလိုပါတယ်။

ဒေသအလိုက် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်းပဲ နိုင်ငံရဲ့လိုအပ်ချက်ကို လွှမ်းခြုံပြီး ရည်မှန်းဆောင်ရွက်ပေးလျက်ရှိတဲ့အလျောက် မိမိတို့ဒေသတွင်း ဆောင်ရွက်မှုအရ ဘဏ္ဍာငွေ ကုန်ကျ စရိတ် လွန်စွာများပြားနိုင်တဲ့အခြေအနေ၊ လက်ရှိမှာ သုတေသနလုပ်ငန်းတွေကို သင့်လျော်ရာဒေသတွေမှာ နိုင်ငံတော်အဆင့် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိနေမှုတို့အရ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း တောင်ပိုင်းခရိုင် အနောက်ခြမ်း လက်ရှိအခြေအနေမှာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိ သေးကြောင်း ဖြေကြားအပ်ပါတယ်။ သို့သော်ငြားလည်းပဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဦးဆောင်ပြီး တောင်ပိုင်းခရိုင်၊ ကော့မှူး မြို့နယ်မှာရှိတဲ့ မကျီးတန်း၊ လက်ခိုက်၊ လာဝတီကျေးရွာများနဲ့ ကွမ်းခြံကုန်းမြို့နယ်၊ ကံကြီးမကျီးကျေးရွာ တို့မှာ စိုက်ပျိုးရေးဝန်ဆောင်မှု (Agriculture Service Center- ASC) တွေကို ဖွင့်လှစ်ဆောင်ရွက် ပေးသွားဖို့ အကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိပါကြောင်း မေးခွန်းပါအချက်များနဲ့ ဆက်စပ်ပြီး ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် ရဲ့ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်အတွက် တစ်နှစ်ပတ်လုံး သန့်ရှင်းတဲ့ သောက်သုံးရေရရှိဖို့ ကျောဇီမြစ်ရေတင်စနစ်ကို တိုးချဲ့စီမံခြင်းဖြင့်ဖြစ်စေ၊ ဆင်တဲဝချောင်းဘေးတစ်လျှောက် စက်ရေတွင်းများတူးဖော်ပြီး ရေပေးဝေရေးစနစ်တစ်ခု အကောင် အထည်ဖော်ခြင်းဖြင့်ဖြစ်စေ၊ ပညာရှင်များ တွက်ချက်စဉ်းစားပြီး အကောင်အထည်ဖော်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ဖို့ အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့ရဲ့ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားပေးပါမယ်။

ကျွန်တော်တို့ မန္တလေးတိုင်း ဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ် ကျောဇီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှာ အထူးစီမံကိန်းအနေနဲ့ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပါတယ်။ စီမံကိန်းရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေစဉ်အတွင်း ၂၀၀၃-၂၀၀၄ ခုနှစ်မှစပြီး ရေသောက်စနစ်ပြီးစီးတဲ့အပိုင်းကနေပြီးတော့ စိုက်ပျိုးရေ ပေးဝေခဲ့ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ခုနှစ် မိုးရာသီမှာလည်းပဲ စပါး (၁၃၀၀)ဧက၊ အခြား သီးနှံ (၅၇၀)ဧကနဲ့ စုစုပေါင်း ဧက (၁၈၇၀)ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိပါတယ်။

ကျောဇီမြစ်ရေတင်လုပ်ငန်းဟာ မူလ စိုက်ပျိုးရေ လိုအပ်ချက်အပေါ်မှာ အခြေခံပြီးတော့မှ မြို့ပြပိုင်းဆိုင်ရာ ရေသောက်စနစ်တွေ ဒီဇိုင်းပုံစံရေးဆွဲ တည်ဆောက်ခဲ့ခြင်းနဲ့ စက်မှုနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းတွေကို တွက်ချက်ရွေးချယ် တပ်ဆင်ခဲ့ခြင်းကြောင့် မြစ်ရေတင်စနစ်ကို တိုးချဲ့ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အလားတူပဲ ဆင်တဲဝချောင်းတစ်လျှောက် စက်ရေတွင်းတွေတူးပြီး ရေပေးဝေရေးစနစ် အကောင်ထည်ဖော် ဆောင်ရွက်တာနဲ့ ပတ်သက်လို့ ဆင်တဲဝချောင်းရေဟာ ရေအရည်အသွေး စစ်ဆေးမှုတွေအရ လျှပ်စစ်ဓာတ်ဖြတ်သန်းနိုင်မှု (EC)(၂၀၀၀)ကျော် ရှိပါတယ်။ ဆိုဒီယမ်ကလိုရိုက်များ ပါဝင်နေပြီးတော့ ဆင်တဲဝချောင်းအတွင်းမှာ စီးဆင်းနေတဲ့ရေနဲ့ ချောင်းဘေးတစ်လျှောက်သဲလွှာတွေမှာ စိမ့်ဝင်နေတဲ့ရေတွေဟာ အငန်ဓာတ်ပါဝင်သော မြေဆီလွှာများနဲ့ဖွဲ့စည်းထားတဲ့ ကုန်းမြင့်ပိုင်းဒေသတွေကို ဖြတ်သန်းစီးဆင်းလာရတဲ့အခြေအနေ၊ ဒေသခံတောင်သူတွေရဲ့ ချောင်းဘေးစိုက်ခင်းတွေမှာ အသုံးပြုတဲ့ ပိုးသတ်ဆေးနဲ့ အပင်ကြီးထွား ဆေးတွေ ရောနှောပါဝင်နေခြင်းကြောင့် ရေအရည်အသွေးအနေနဲ့ အငန်ဓာတ်ပါဝင်မှုများတဲ့အပြင် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့ အဆိပ်အတောက်များ ပါဝင်နိုင်တဲ့အတွက် ဆင်တဲဝချောင်းဘေး ဧရိယာမှာရှိတဲ့ သဲလွှာတွေကနေပြီးတော့ သန့်ရှင်းသောသောက်သုံးရေ ထုတ်ယူသုံးစွဲရန်မသင့်သော အခြေအနေဖြစ်ပါကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှဆန်း ရဲ့ ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ မေးမြန်းတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဆက်လက်ဖြေကြားပေးပါမယ်။

ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာ ငါးလုပ်ငန်းကဏ္ဍဖြစ်တဲ့ အင်းလုပ်ငန်း၊ ဘုံငါးဖမ်းလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းတွေကနေ ငါးရိက္ခာဖူလုံစေဖို့အတွက် ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ယခင်နှစ် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ငါးပိဿာချိန် (၁၁၄)သိန်းခန့် ထုတ်လုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ငါးမွေးမြူရေးလုပ်ငန်းတွေကနေ (၃.၅)သိန်းသာ ထုတ်လုပ်နိုင်ခဲ့ပြီးတော့ ငါးထုတ်လုပ်မှုရဲ့ (၃) ရာခိုင်နှုန်းသာ ငါးမွေးမြူရေးလုပ်ငန်းကဏ္ဍကနေပြီးတော့ ဆောင်ရွက်နိုင်ခဲ့တဲ့ အခြေအနေ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီးတွင် ငါးမွေးမြူသူဦးရေဟာ (၂၇၁) ဦးရှိပါတယ်။ စာရင်းများအရ ဧရိယာ (၄၂၅)ဧကနဲ့ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆည်တမံ (၃၆)လုံးရှိပြီးတော့ ကျေးလက်ဒေသအတွင်းမှာရှိတဲ့ ကျေးရွာကန် (၄၁၈)ကန်အတွင်းကို ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်များကို မျိုးစိုက်ထည့်ပေးလျက်ရှိပါတယ်။ နှစ်စဉ် ငါးသားပေါက်ကောင်ရေ (၇၅)သိန်းကနေ သိန်း(၁၀၀)ခန့် လိုအပ်ချက်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ငါးလုပ်ငန်းဦးစီးဌာနရဲ့ တောင်တွင်းကြီး ငါးလုပ်ငန်းစခန်း၊ ပွင့်ဖြူ ငါးလုပ်ငန်းစခန်းတို့ကနေပြီးတော့ စွမ်းအားပြည့် ထုတ်လုပ်လို့ရှိရင် ငါးသားပေါက်ကောင်ရေသိန်း(၉၀) ကနေပြီးတော့ (၁၀၀) ခန့်အထိ ထုတ်လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ယခု ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်ပိုရေးရှင်း (JICA) နဲ့ပူးပေါင်းဆောင်ရွက်နေတဲ့ မိမိတို့မြန်မာနိုင်ငံအလယ်ပိုင်းဒေသ အပူပိုင်းဇုန် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၄ ခုနှစ်ကနေပြီးတော့ ၂၀၁၉ ခုနှစ်အထိ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စလင်း၊ ပွင့်ဖြူနဲ့ တောင်တွင်းကြီးမြို့နယ်တွေမှာ ကျေးလက်ဒေသ ပြည်သူတွေ တစ်ပိုင်တစ်နိုင် ငါးသားဖောက်မွေးမြူရေးနည်းစနစ်များ ဖြန့်ဝေဆောင်ရွက်ပေးလျက် ရှိကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။ နိုင်ငံတော်မှ ငါးသားပေါက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်းတွေကို အောင်လံမှာ(၁)ခု၊ ချောက်မှာ(၁)ခု၊ ရေစကြိုမှာ (၁)ခု၊ မြိုင်မှာ(၁)ခု၊ ပွင့်ဖြူမှာ (၂)ခု၊ စေတုတ္တရာမှာ (၂)ခု၊ စုစုပေါင်း (၈)ခု တည်ဆောက်ပေးထားပါသော်လည်းပဲ ရာသီဥတုဖောက်ပြန်မှုကြောင့် ရေအခက်အခဲတွေ ကြုံတွေ့တဲ့အခြေအနေနဲ့ ငါးမျိုးများ ထိန်းသိမ်းရန်နှင့် ငါးသားပေါက်များ စွမ်းအားပြည့်ထုတ်လုပ်ရန် အဟန့်အတားများလည်း ဖြစ်ခဲ့ရမှု အခြေအနေရှိခဲ့ပါတယ်။ ဒါကြောင့် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်မှာ ငါးသားဖောက်စခန်းတစ်ခု ထပ်မံဖွင့်လှစ်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး လက်ရှိ ငါးလုပ်ငန်းစခန်း(၂)ခုကနေပြီးတော့ သားပေါက်ငါးထုတ်လုပ်မှုဟာ တိုင်းဒေသကြီးအတွင်း လုံလောက်မှုရှိပြီးတော့ စခန်းအသစ် တည်ဆောက်ရာမှာ ရေအခက်အခဲ၊ မြေနေရာရရှိမှု အခက်အခဲရှိတဲ့အတွက် လက်ရှိအခြေအနေမှာ ငါးသားဖောက်စခန်းအသစ် ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး ရဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိတဲ့ မေးခွန်းများနှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။

မေးခွန်းပါအချက်တွေဟာ ကျယ်ပြန့်မှုရှိတဲ့အလျောက် အနည်းငယ် ရှင်းလင်းဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး သိရှိပြီးတဲ့အတိုင်းပဲ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။ ဒီဥပဒေကို

အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီး တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတ(၂)အား အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဆောင်ပြီးတော့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဖွဲ့ဝင်များအဖြစ် ဆက်စပ်လျက်ရှိတဲ့ ပြည်ထောင်စုဝန်ကြီးဌာနတွေက ပြည်ထောင်စုဝန်ကြီးတွေ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များနဲ့ ဆက်စပ်လျက်ရှိတဲ့ ပုဂ္ဂလိကအသင်းအဖွဲ့တွေက တာဝန်ရှိသူတွေကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဦးဆောင် အဖွဲ့ရဲ့ အတွင်းရေးမှူးဖြစ်ပြီး ဒုတိယဝန်ကြီးက တွဲဖက်အတွင်းရေးမှူး ဖြစ်ပါတယ်။ ဦးဆောင်အဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်တွေက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်း အဖွဲ့တွေကို ဖွဲ့စည်းထားသလို လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာလည်းပဲ အချိတ်အဆက်မိမိနဲ့ ဆောင်ရွက်သွားနိုင်ဖို့အတွက် စိုက်ပျိုးရေးနည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာကော်မတီ၊ မွေးမြူရေးနှင့်ရေလုပ်ငန်း စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီနှင့် လယ်ယာ ထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့တို့ကို ဖွဲ့စည်းထားပါတယ်။

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး အဖွဲ့အစည်း အဆင့်ဆင့်အနေနဲ့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အပြန်အလှန် ချိတ်ဆက်ပြီး ဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ အထမြောက်အောင်မြင်စေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာလည်းပဲ ဥပဒေပါ အဓိကရည်ရွယ်ချက် (၅)ရပ်နဲ့ စပ်လျဉ်းပြီး အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြပါမယ်။ ဦးစွာ အရင်းအနှီးရဖို့အတွက် တောင်သူတွေကို သင့်တင့်တဲ့ချေးငွေနဲ့ အထောက်အကူပြုရန် ရည်ရွယ်ချက်မှာ ပြည်နယ်/တိုင်းဒေသကြီးအလိုက် သီးနှံစိုက်ပျိုးသည့် ချေးငွေတွေကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ချေးငွေများထုတ်ပေးခြင်း၊ ထုတ်လုပ်ရေး သမဝါယမအသင်းတွေက အသေးစား အရင်းအနှီးချေးငွေများ ထုတ်ချေးပေးခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ဖို့ အတွက် လယ်ယာမြေအဆင့်မြှင့်တင်ရေး တန်ဖိုးချေးငွေများ ထုတ်ချေးပေးခြင်းတို့ကိုလည်း ဆောင်ရွက် ပေးလျက်ရှိပါတယ်။

ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားတွေကို နည်းပညာသွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတွေ လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေးရည်ရွယ်ချက်နှင့်စပ်လျဉ်းပြီး ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဆောင်ရွက်ပေးမှုအခြေအနေကို တင်ပြရမယ်ဆိုရင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အောင်မြင်စွာကူးပြောင်းနိုင်ဖို့အတွက် လယ်ယာသုံး စက်ကိရိယာတွေကို လယ်သမား များအား အရစ်ကျဝယ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများ ပုဂ္ဂလိက လယ်ယာသုံး စက်ကိရိယာကုမ္ပဏီများနှင့် ချိတ်ဆက်ပြီးတော့ စီမံဆောင်ရွက်ပေးလျက် ရှိပါတယ်။

တောင်သူအသင်းအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် လုပ်ကိုင်ခဲ့ပြီးတော့ သုတေသန လုပ်ငန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသလို မိမိတို့ မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မျိုးစေ့ စတဲ့သွင်းအားစုများနှင့် စပ်လျဉ်းပြီးတော့ တောင်သူတွေ အတုအပကင်းစွာ သုံးစွဲနိုင်ရေး၊ စံချိန်စံညွှန်းညီစွာ သုံးစွဲနိုင်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးခြင်း၊ ပညာပေးခြင်း၊ သတိပေးခြင်းနှင့် အရေးယူခြင်း တို့ကိုလည်းပဲ ဆောင်ရွက်လျက် ရှိကြောင်း တင်ပြလိုပါတယ်။

အကျိုးမဖြစ်ထွန်းတဲ့ လယ်ယာမြေတွေမှာ မွေးမြူရေးခြံများ၊ ငါးမွေးကန်များ လုပ်ဆောင် ခွင့်ကို ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ရရှိစေဖို့ ကူညီဆောင်ရွက်ပေးလျက်ရှိသလို ဒေသခံတောင်သူ လယ်သမားများ ငါးစားသုံးမှု ဖူလုံတိုးတက်စေဖို့အတွက် မွေးမြူလိုတဲ့ ငါးသားပေါက်များ ရရှိနိုင်ဖို့ အတွက် ငါးမျိုးများစိုက်ထည့်တဲ့လုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင် ရေချိုငါးသားဖောက်စခန်းများ တည်ထောင်ပြီး ငါးမွေးမြူရေးနည်းပညာများဖြန့်ဖြူးပေးခြင်း၊ မွေးမြူရေးလိုင်စင်များထုတ်ပေးခြင်းနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို စီမံလုပ်ကိုင်ပေးလျက် ရှိပါတယ်။

တစ်ဆက်တည်းမှာပဲ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ချိတ်ဆက်ပြီး ကျေးရွာအလိုက် ပံ့ပိုးငွေ ထုတ်ပေးပြီး ကျေးလက်နေပြည်သူတို့ရဲ့ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းတွေကိုလည်းပဲ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဒေသန္တရ ရေရရှိရေးလုပ်ငန်းများ၊ ဆည်မြောင်းတာတမံလုပ်ငန်းများနှင့် မြစ်ရေတင်လုပ်ငန်းတွေကနေ စိုက်ပျိုးရေ အပြည့်အဝပေးနိုင်ဖို့အတွက်ကိုလည်းပဲ ဆောင်ရွက်ပေးနေသလို ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးတော့လည်းပဲ စီမံလုပ်ကိုင်ပေးလျက်ရှိကြောင်း ဖြေကြားလိုပါတယ်။

မိုးလေဝသဆိုင်ရာ သဘာဝဘေးဆိုင်ရာ ပိုးမွှားရောဂါနှင့် အခြားသတင်းအချက်အလက် များကို တောင်သူထံအချိန်မီ နှိုးဆော်ထုတ်ပြန်ပေးလျက်ရှိသလို တောင်သူတွေ နေ့စဉ်ကြုံတွေ့နေရတဲ့ စိုက်ပျိုးရေးပြဿနာပိုင်းဆိုင်ရာအခက်အခဲများ၊ နည်းပညာအကူအညီများ ရရှိနိုင်ဖို့အတွက်လည်းပဲ မိမိတို့ဝန်ကြီးဌာနရဲ့ စိုက်ပျိုးရေးဦးစီးဌာနမှာ Call Center တစ်ခုဖွင့်လှစ်ပြီး အချိန်နှင့်တစ်ပြေးညီ ဖြေကြားဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူပဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ စိုက်ပျိုး ရေးရာအဖြေရှာအစီအစဉ်နဲ့ လယ်ယာစီးပွားအစီအစဉ်၊ စိုက်ပျိုးရေးရာအဖြေလွှာကဏ္ဍအစီအစဉ် တို့ကိုလည်း ထုတ်လွှင့်ပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းတို့ ပေါင်းစပ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိတဲ့အခါမှာ နောက်ရည်ရွယ်ချက်တစ်ရပ်ဖြစ်တဲ့ လယ်ယာ ထွက်ကုန်တွေ ရောင်းချရာမှာ သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ဈေးကွက်ရဖို့အတွက် တောင်သူတွေကို ကူညီဆောင်ရွက်ပေးတဲ့ ရည်ရွယ်ချက်ကို စီမံအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ လယ်ယာကုန်ထုတ်ဈေးကွက်များနဲ့ ဈေးနှုန်းဆိုင်ရာအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ အချိန်မီ သိရှိနိုင်ဖို့အတွက် မိမိတို့ရဲ့ လယ်ယာစီးပွားစာစောင်ကနေ ဈေးနှုန်းသတင်းအချက်အလက်တွေကို

ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ပြည်နယ်/တိုင်းအလိုက် ဈေးကွက်အလိုက် ပေါက်ဈေးတွေ ကြေညာပေးသလို ကောက်ပဲသီးနှံများ သင့်တင့်မျှတတဲ့ဈေးနှုန်းများရဖို့အတွက် လုပ်ငန်းမှာ အကောင်အထည်ဖော်ဆောင်ရွက်တဲ့လုပ်ငန်းရှင်၊ ကုမ္ပဏီများ၊ တောင်သူများနဲ့ အကျိုးတူ (Contract Farming) စိုက်ပျိုးခြင်း၊ (Contract Farming) စနစ်နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ ဒေသတွင်း ဆန်စပါး၊ ပဲ၊ နှမ်း၊ ကုန်သည်များနှင့် ပူးပေါင်းပြီး ခိုင်မာသောဈေးကွက် အာမခံချက်ရရှိရေးတို့ကို အကောင်ထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လုပ်ကွက်ငယ်တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်နှင့်စပ်လျဉ်းပြီး တောင်သူတွေ မိမိတို့လုပ်ကွက်များ လက်လွတ်ဆုံးရှုံးမှု မဖြစ်စေဖို့အတွက် ဥပဒေရေးရာအပိုင်းမှာ အကြံပေးခြင်းနှင့်အတူ လယ်ယာမြေဥပဒေ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေဥပဒေများ သိရှိသဘောပေါက် ဆောင်ရွက်နိုင်ရေးအတွက်ကိုလည်း ပညာပေးချပြရှင်းလင်း လုပ်ကိုင်ပေးလျက်ရှိပါတယ်။ သိမ်းဆည်းခံလယ်ယာမြေများအား တောင်သူများသို့ ပြန်လည်ချထားပေးဖို့အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံများ ထုတ်ပေးဖို့အတွက် ဥပဒေကြောင်းနဲ့အညီလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ တစ်ဖက်မှာလည်းပဲ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းနှင့် လယ်မဲ့၊ ယာမဲ့ မြေယာချို့တဲ့သူ တောင်သူလယ်သမားများအတွက် မြေယာဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိသလို မြေအမျိုးအစားအလိုက် မြေအသုံးပြုတောင်သူများ အထောက်အကူပြုစေဖို့အတွက် ခေတ်မီ (Soil Map) မြေပုံထုတ်ခြင်းတို့ကိုလည်းပဲ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားလိုပါတယ်။

သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုဖို့ ရည်ရွယ်ချက်နဲ့ စပ်လျဉ်းပြီးတော့ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်းမှာ ဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် (၁၀)ခုမှာ သီးနှံ (၁၂)မျိုး စုစုပေါင်းဧက (၄၄၀၀၀၀)ခန့် ပျက်စီးခဲ့မှုရှိပါတယ်။ ယင်းပျက်စီးဧကများ အစားထိုးပြန်လည်စိုက်ပျိုးနိုင်ဖို့ ရာသီချိန်နဲ့ လိုက်လျောညီထွေတဲ့ သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့အတွက် နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေနဲ့ ထောက်ပံ့ကြေးငွေများ ကျပ်ဘီလီယံပေါင်း (၄.၆၆)ကျော်ကို သီးနှံအလိုက် ပျက်စီးတဲ့တောင်သူများလက်ဝယ်အရောက် ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပါတယ်။ မိုးစပါးသီးနှံ စိုက်ပျိုးဧကအတွက် ပြန်လည်စိုက်ပျိုးနိုင်ဖို့ အရန်မျိုးစပါးတင်း (၉၀၀၀၀)ကိုလည်းပဲ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ သီးနှံအာမခံစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်းပြီးတော့လည်းပဲ စွန်ပိုဂျပန်အာမခံကုမ္ပဏီ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းတို့ကို ပူးပေါင်းပြီး ရာသီဥတုပေါ်မှာ အခြေခံတဲ့အာမခံစနစ်ဖြင့် စတင်ဆောင်ရွက်ဖို့ စတင်အစီအစဉ်ရေးဆွဲလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ဖွဲ့စည်းထားတဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့များအနေနဲ့ မိမိတို့ရဲ့

ဥပဒေပါလုပ်ငန်းရပ်တွေကို ပြည်နယ်/တိုင်းတစ်ခုချင်းအလိုက် ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးလိုက်ပါ။

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လူ့အရင်းအမြစ်စတဲ့ လိုအပ်ချက်များကြောင့် (Center) တစ်ခုဖွင့်ပေးရန် အစီအစဉ်မရှိဘူးဆိုတော့လည်းပဲ ဝန်ကြီး ပြောသွားတဲ့အတိုင်းပဲ ကော့မှူး၊ ကွမ်းခြံကုန်းကျေးရွာ (၃)၊ (၄)ခုလောက်မှာ စခန်းလေးတွေ ဖွင့်ပေး ထားတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီလိုဖွင့်ပေးထားတာတွေက ပြသရုံသက်သက် ပေ့ါနော်၊ အဖြစ် (For Show) ဖွင့်ပေးတာမဟုတ်ဘဲနဲ့ တကယ်ထိရောက်မှု ရှိ/မရှိကို စဉ်ဆက်မပြတ် သုံးသပ်ဖို့ အကြံပြုချင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော့်မေးခွန်းကလည်း ချက်ချင်းဆောင်ရွက်ပေးဖို့ တောင်းဆိုတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ပြည်သူတွေရဲ့ သန့်ရှင်းကျန်းမာတဲ့ စားသောက်ကုန်တွေ ဖြစ်ပွားဖို့လိုအပ်တာဖြစ်သလို ဒေသခံပြည်သူလူထုရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့လည်း လိုအပ်တာ ဖြစ်တဲ့အတွက် အခုချက်ချင်း ဆောင်ရွက်စရာမလိုဘဲနဲ့ ရေရှည်စီမံချက်များမှာ အစီအစဉ်ဆွဲပြီးတော့ ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆက်လက်သိရှိလိုပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဦးကျော်ထွေး ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်တောင်ပိုင်းခရိုင်မှာရှိတဲ့ မြို့နယ်ထဲက ကျွန်တော့်ရဲ့ ဇာတိနဲ့စပ်ဆက်နေတဲ့ မြို့နယ်လည်း ပါ ပါတယ်။ ဆိုတော့ ကျွန်တော်တို့ လက်ရှိမှာ နိုင်တဲ့ အနေအထားကနေပြီးတော့ ကျွန်တော်တို့ စတင်အကောင်အထည်ဖော်ဆောင်ရွက်တဲ့ အဆင့်အနေနဲ့ ဒီစိုက်ပျိုးရေးဝန်ဆောင်မှုဌာန Agriculture Service Center (ASC)တွေကို ဖွင့်လှစ်သွားဖို့အတွက် အကောင်အထည်ဖော်ခြင်း ဖြစ်ပါတယ်။ တစ်ဆင့်ပြီးတစ်ဆင့် ကျွန်တော်တို့ လုပ်ငန်း အကောင်အထည် ဖော်နိုင်မယ့် ဒီဖြစ်မြောက်နိုင်စွမ်း အနေအထားတွေကိုလည်း လေ့လာသွားပြီးတော့မှ တကယ့်ဒေသမှာ ရှိတဲ့ တောင်သူတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးအပိုင်းတွေကို ဖြစ်မြောက်နိုင်စွမ်း အခြေအနေတွေပေါ်မှာ မူတည်ပြီးတော့မှ အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ အတွက်ကိုလည်းပဲ ရေရှည်အတွက် စဉ်းစားတွေးမျှော်ပြီးတော့ စီစဉ်ဆောင်ရွက်ပေးသွားမယ်ဖြစ်ကြောင်း ဦးကျော်ထွေး ရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားပေးပါတယ်။ ကျေးဇူးတင် ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဥ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာတဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ အားလုံးပဲ မင်္ဂလာပါ။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီရဲ့ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁) ၁/၂၀၁၇ - ၄၈၆

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်

၁။ ဒီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်တွေနဲ့ သဘောတူအတည်ပြုပြီးတော့ ဩဂုတ်လ ၂၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကို ပေးပို့လာခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေနဲ့ ဩဂုတ်လ ၃၀ ရက်နေ့မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့က တာဝန်ရှိပုဂ္ဂိုလ်များနဲ့ တွေ့ဆုံညှိနှိုင်းပြီးတော့ ဆွေးနွေးခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ လေ့လာတွေ့ရှိချက်တွေကို တင်ပြရမယ်ဆိုရင်တော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဠ)မှာ ဖော်ပြထားတဲ့ အဖွဲ့ဝင်ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ အဖွဲ့ဝင်အသီးသီးကိုဆိုသည် ဆိုတဲ့စကားရပ်ကို ပိုပြီးတော့ပြည့်စုံစေရန်အတွက် အဖွဲ့ဝင်ဆိုသည်မှာ လွှတ်တော်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ အပါအဝင် အဖွဲ့ဝင်အသီးသီးကိုဆိုသည် ဆိုတဲ့စကားရပ်နဲ့ ပြင်ဆင်ဖို့ တင်ပြလိုပါတယ်။ အပိုဒ် ၄ ခြေဆင်းမှာ ဖော်ပြထားတဲ့ အောက်ပါအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည် ဆိုတဲ့ စကားရပ်ကိုတော့ အောက်ပါအတိုင်း ဖွဲ့စည်းရမည်လို့ ပြင်ဆင်သင့်ကြောင်း ဖော်ပြလိုပါတယ်။ အပိုဒ် ၈၊ အပိုဒ်ခွဲ(ခ)မှာ ဖော်ပြထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ဆိုတဲ့ စကားရပ်ကိုတော့ အနက်အဓိပ္ပာယ် ပိုမိုပြည့်စုံမှုရှိစေရန်

အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်ဆိုင်ရာ ဥပဒေများနှင့် ဆန့်ကျင်ခြင်း မရှိစေဘဲ ဆိုပြီးတော့ ဖြည့်စွက်ပြင်ဆင်ဖို့ အကြံပြုတင်ပြလိုပါတယ်။ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဂ)မှာတော့ ညှိနှိုင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း ဆိုတဲ့ စကားရပ်ကို အသုံးပြုထားတာ တွေ့ရပါတယ်။ ဆွေးနွေး ဆုံးဖြတ်ခြင်း ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ခြင်းလိုသာ ပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါတယ်။ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဃ)မှာတော့ အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်းလို့ ဖော်ပြထားပါတယ်။ ပိုမိုပြည့်စုံမှုရှိစေဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေး များ၊ ညီလာခံများနှင့် လေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်း ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်သင့်ကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၁၁ မှာလည်း ဒီလိုပါပဲ ညှိနှိုင်းဆောင်ရွက်ချက် သို့မဟုတ် ဆုံးဖြတ်ချက်လို့ ပါရှိနေပါတယ်။ ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်ဖို့ မသင့်လျော်တဲ့အတွက်ကြောင့်မို့လို့ ဆုံးဖြတ်ချက် ဆိုတဲ့စကားရပ်ကို ပယ်ဖျက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ချက် ဆိုတဲ့ စကားရပ်ဖြင့် အစားထိုးပြင်ဆင် သင့်ပါကြောင်း လေးစားစွာ တင်ပြလိုပါတယ်။

၃။ ဥပဒေကြမ်းကော်မတီ အစည်းအဝေးမှာ ဥပဒေကြမ်းကော်မတီဝင်များဖြစ်တဲ့ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး က မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဖွဲ့စည်းခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မှု ရှိ/မရှိ ပြန်လည်ဆန်းစစ်သင့်ပါကြောင်း၊ လွှတ်တော်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားလွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ပြီး မိမိတို့ ပြဋ္ဌာန်းပိုင်ခွင့်ရှိသည့် ဥပဒေများကို ပြဋ္ဌာန်းနိုင်သည့်အတွက် ဤဥပဒေကြမ်းမှာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တာဝန်တွေကို ပြည်ထောင်စုလွှတ်တော်မှ ရယူထားပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတွေကတော့ အဖွဲ့ဝင်တွေသာဖြစ်တဲ့အတွက် အထက်အောက် ဆက်ဆံရေးသဘောမျိုး သက်ရောက်နေပါကြောင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များရဲ့ လုပ်ပိုင်ခွင့်ကို ချုပ်ကိုင်ထားရာ ရောက်၊ မရောက် ပြန်လည်ဆန်းစစ်သင့်ပါကြောင်း အကြံပြုတင်ပြခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး က လွှတ်တော်အသီးသီးရဲ့ လုပ်ငန်းတာဝန်တွေ ကို ဥပဒေ၊ နည်းဥပဒေများနဲ့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ အနေဖြင့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ခြင်းအပေါ်မှာ ကန့်သတ်ရာ ရောက်၊ မရောက် ပြန်လည်ဆန်းစစ်သင့်ပါကြောင်း အကြံပြုတင်ပြခဲ့ပါတယ်။ ဥပဒေကြမ်းကော်မတီဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ကလည်း လွှတ်တော်အသီးသီးနဲ့ သက်ဆိုင်တဲ့ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် ဒီဥပဒေအရ ပြည်ထောင်စုလွှတ်တော်က နေပြီးတော့ လွှတ်တော်အားလုံးကို ချုပ်ကိုင်ထားတဲ့ သဘောသက်ရောက်မှု ရှိ/မရှိ ပြန်လည်ဆန်းစစ် သင့်ပါကြောင်း အကြံပြုခဲ့ကြပါတယ်။ တင်ပြခဲ့တဲ့ ဥပဒေကြမ်းကော်မတီဝင်(၃)ဦးက မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဥပဒေကို ပြဋ္ဌာန်းရန် သင့်/မသင့် ပြန်လည်သုံးသပ်သင့်ပါကြောင်းကိုလည်း သဘောထား မှတ်ချက် ပြုခဲ့ပါတယ်။

၄။ ဒီ ဥပဒေကြမ်းကော်မတီဝင်(၃)ဦးကလွဲလို့ ကျန်ရှိတဲ့ ဥပဒေကြမ်းကော်မတီဝင် အားလုံး ကတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များ လွှတ်တော်ကို တင်ပြတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်ဆိုင်ရာ ဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ ဥပဒေပြုခြင်း

ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်းလို့ ပြင်ဆင်ဖို့ အကြံပြုခဲ့ပြီး ဖြစ်ပါတယ်။ လွှတ်တော်အဖွဲ့ရဲ့ ဆုံးဖြတ်ချက် ဆိုတဲ့ ပြဋ္ဌာန်းချက်တွေအားလုံးကိုလည်း ညှိနှိုင်းဆောင်ရွက်ခြင်းလို့ ပြင်ဆင်ဖို့အတွက် အကြံပြုခဲ့ပြီး ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ပထမအကြိမ် လွှတ်တော်သက်တမ်းကာလကတည်းက ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒီ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီးတော့ ပြင်ဆင်ချက်များနှင့် အတည်ပြုခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျန်ရှိတဲ့ ဥပဒေကြမ်းကော်မတီဝင်တွေ အားလုံးကတော့ အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက် ပြုခဲ့ကြပါတယ်။

၅။ နောက် အချက်တစ်ချက်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ ဆိုသည့် ကိစ္စရပ်အတွက်ကိုတော့ ဒါ လွှတ်တော်ကလည်း ဆုံးဖြတ်လို့မရပါဘူး။ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သီးခြားဆောင်ရွက်သွားရမယ့်ကိစ္စရပ်ဖြစ်ပါကြောင်း ကိုလည်း သဘောထားရရှိခဲ့ကြပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၆။ သို့ဖြစ်တဲ့အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အကြံပြုတင်ပြထားတဲ့ ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြု ဆောင်ရွက်သင့်ပါကြောင်းနှင့် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ဒေါ်နန်းနီနီအေး နှင့် ဦးကျော်ကျော် တို့ရဲ့ အဆိုပြုချက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် အဆိုများ တင်သွင်းတဲ့အခါမှာ လွှတ်တော်ရဲ့ အဆုံးအဖြတ် တစ်ပါတည်း ရယူဆောင်ရွက်သွားသင့် ပါကြောင်း လေးစားစွာ တင်ပြအစီရင်ခံအပ်ပါတယ်။ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၃-၁၀-၂၀၁၇ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]